အကြင်နာတရားရှိသူတို့အား “ရဟ်မာန်” မဟာကရုဏာတော်ရှင်ကသနားကြင်နာတော်မူမည်ဖြစ်သည်။ အသင်တို့သည်

မြေပထဝီပေါ်ရှိ သတ္တဝါအပေါင်းအား သနားကြင်နာကြလေကုန်၊မိုးကောင်းကင်ပေါ်တွင်ရှိတော်မူသော အရှင်မြတ်က

အသင်တို့အား သနားကြင်နာတော်မူပေမည်။

အဗ်ဒုလ္လာဟ်ဗင်န်အမ်ရ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။
အကြင်နာတရားရှိသူတို့အား “ရဟ်မာန်” မဟာကရုဏာတော်ရှင်က
သနားကြင်နာတော်မူမည်ဖြစ်သည်။ အသင်တို့သည် မြေပထဝီပေါ်ရှိ သတ္တဝါအပေါင်းအား
သနားကြင်နာကြလေကုန်၊ မိုးကောင်းကင်ပေါ်တွင်ရှိတော်မူသော အရှင်မြတ်က အသင်တို့အား
သနားကြင်နာတော်မူပေမည်။ [صحيح] [رواه أبو داود والترمذي وأحمد]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ သူတစ်ပါးအပေါ်သနားကြင်နာသူများကို “ရဟ်မာန်”မဟာကရုဏာတော်ရှင်က အရာခပ်သိမ်းထက်ပို၍ ကြီးကျယ်လှသောမိမိ၏မဟာကရုဏာတော်ဖြင့် သနားကြင်နာတော်မူမည်ဖြစ်သည်။ ဤသည်၎င်းတို့၏လုပ်ရပ်နှင့်အညီ အစားပေးခြင်းပင်ဖြစ်သည်။ ထို့နောက်ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ကမ္ဘာမြေပထဝီ၌ရှိသော လူသားများ၊တိရစ္ဆာန်များ၊ ငှက်များနှင့် အခြားအဖန်ဆင်းခံများကို သနားကြင်နာရန်မိန့်ကြားတော်မူခဲ့သည်။ ထိုသို့ သနားကြင်နာမှု၏အစားမှာ မိုးကောင်းကင်ထက်တွင်ရှိသောအလ္လာဟ်အရှင်မြတ်က အသင်တို့အား သနားကြင်နာတော်မူမည်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/8289